# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

# မန္တလေးတိုင်းဒေသကြီး၏

# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏

## နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

**(၂၀၁၉ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၃။)**

**၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက် )**

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

**အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် **မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈–၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း**

၂။ (က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ရုံး၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား(၁)နှင့်(၂)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက်တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာ ဇော်မြင့်မောင်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၊ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၁၀.၅၃၀ | | | ၂,၀၀၉.၃၇၅ | | | | ၂,၁၁၉.၉၀၅ |
| ၂ | ၂ | တိုင်းဒေသကြီးလွှတ်တော်ရုံး | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၂.၀၀၀ | | | | | | | ၃၂.၀၀၀ |
| ၃ | ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၇၆.၀၃၂ | | | | | | | ၇၆.၀၃၂ |
| ၄ | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၀.၈၈၃ | | | | | | | ၀.၈၈၃ |
| | | ပေါင်း | | ၂၁၉.၄၄၅ | | | ၂,၀၀၉.၃၇၅ | | | | ၂,၂၂၈.၈၂၀ |

## တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၂) (ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၄ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၃၀.၆၀၆** | | | **၇၅.၀၀၀** | | | | **၁၀၅.၆၀၆** |
| | | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၀.၃၅၈ | | | | | | | ၂၀.၃၅၈ |
| | | ၂ | မီးသတ်ဦးစီးဌာန | | ၁၀.၂၄၈ | | | ၇၅.၀၀၀ | | | | ၈၅.၂၄၈ |
| ၂ | ၅ | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | ၎င်း | **၁၀၂.၀၉၆** | | | | | | | **၁၀၂.၀၉၆** |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၀၂.၀၉၆ | | | | | | | ၁၀၂.၀၉၆ |
| ၃ | ၇ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | | | **၁၆.၂၀၀** | | | | **၁၆.၂၀၀** |
| | | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | | | | ၁၆.၂၀၀ | | | | ၁၆.၂၀၀ |
| ၄ | ၁၀ | | **ဆောက်လုပ်ရေး** | ၎င်း | **၁၆၉.၇၃၂** | | | **၈၃.၈၆၀** | | | | **၂၅၃.၅၉၂** |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၅.၀၀၀ | | | ၂.၀၀၀ | | | | ၇.၀၀၀ |
| | | ၂ | လမ်းဦးစီးဌာန | | ၁၆၄.၇၃၂ | | | ၈၁.၈၆၀ | | | | ၂၄၆.၅၉၂ |
| ၅ | ၁၁ | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | ၎င်း | **၆,၈၅၂.၁၅၃** | | | **၁၈၈၇၂.၀၅၃** | | | | **၂၅,၇၂၄.၂၀၆** |
| ၆ | ၁၂ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၂,၁၅၃.၁၁၁** | | | **၃,၇၉၂.၆၁၇** | | | | **၅,၉၄၅.၇၂၈** |
| | | | ပေါင်း | | ၉,၃၀၇.၆၉၈ | | | ၂၂,၈၃၉.၇၃၀ | | | | ၃၂,၁၄၇.၄၂၈ |